မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 12 / Issue 7 / July / 2022*

## Celebrate your freedom in Christ and our Great Nation

## လွတ်မြောက်ခြင်း၏အကျိုးကျေးဇူး

ယေရှုခရစ်တော်ကို ယုံကြည်သောသူ အပေါင်းတို့ ...

ငါတို့သည် ခရစ်တော်နှင့် အတူသေလျှင်၊
ထိုသခင်နှင့်အတူရှင်လိမ့်မည်။
ရောမ၊ ၅း၈ ။

↓

သမ္မာတရားကို လည်းသိကြသဖြင့်၊
ထိုတရားသည် သင်တို့ကိုလွှတ်လိမ့်မည်။
ယော၊ ၈း၃၂ ။

↓

သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင်
ငါ့တပည့် အမှန်ဖြစ်ကြ၏။
ယော၊ ၈း၃၁ ။

သမ္မာတရားကိုလည်း သိကြသဖြင့်၊
ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်။
ယော၊ ၈း၃၂ ။

↓

သမ္မာတရားနှင့်ပြည့်စုံသော ဝိညာဉ်တော်
ရောက်လာသောအခါ၊ သမ္မာတရားကို
သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသ
လိမ့်မည်။ ယော၊ ၁၆း၁၃ ။

↓

သင်တို့အား ပေးတော်မူသော ဝိညာဉ်တော်ကို
သင်တို့သည် အမှီပြု၍၊ ဘုရားသခင်သည်
သင်တို့၌ တည်တော်မူ သည်ကို သိရကြ၏။
၁ယော၊ ၃း၂၄ ။

# July, 2022 Sunday Events

**July 2022**

| Wk | Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|---|
| 26 | | | | | | 1 | 2 |
| 27 | 3 | 4 | 5 | 6 | 7 | 8 | 9 |
| 28 | 10 | 11 | 12 | 13 | 14 | 15 | 16 |
| 29 | 17 | 18 | 19 | 20 | 21 | 22 | 23 |
| 30 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | 31 | | | | | | |

***July 3, 2022 … Holy Communion***
***July 10, 2022 … Regular Sunday Worship Service***
***July 17, 2022 … Regular Sunday Worship Service***
***July 24, 2022 … Worship through Music Service***
***July 31, 2022 … BCF Youth Sunday***

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ***VIRTUAL CHURCH SERVICE***

***Watch at home!***



***BCF online Worship Service is available***
***on every Monday.***
***To watch previous Virtual Sunday Service***
***select image gallery tab.***

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

# ထာဝရဘုရားသခင်၏ပညတ်တော် (၁၀) ပါး

ထာဝရအရှင်ဘုရားသခင်၏ပညတ်တော်သည်ကြေးမုံမှန်တစ်ချပ်နှင့်တူပါသည်။ ရုပ်လှသောသူသည်မှန်ကိုအထပ်ထပ်ပြန်၍ကြည့်ချင်သော်လည်း၊ရုပ်ဆိုးသူမှာမူကားမှန်ကို မကြည့်လိုသောကြောင့်ပစ်ခွဲလိုက်ချင်သည်။

ထို့နည်းတူစွာပင်၊ဘုရားရှင်ကိုချစ်ကြောက်သူတို့သည်ပညတ်တော်တည်းဟူသော ဘုရားရှင်၏မိန့်မှာတော်မူချက်ကိုတသဝေမတိမ်းလိုက်လျှောက်ကြသော်လည်း၊အချို့မှာမူကား ဘုရားရှင်၏သားသမီးများဟုအမည်ခံထားသော်လည်း၊ဘုရားရှင်ကိုမထီမဲ့မြင်ပြု၍၊ပညတ် တော်များတို့ကိုမလိုက်နာချင်သောသူအများရှိပါသည်။

ပညတ်တော်အောက်မှာလျှောက်နေရသည်ကိုကျဉ်းကြပ်သည်ဟုထင်နေကြသည်။ ပညတ်တော်ကိုကြည့်ပြီးစိတ်မချမ်းမသာဖြစ်ကြသည်ကလည်းအမှန်ပါ။အချို့မှာမူကားပညတ် တော်များတို့ကိုအလေးမထား၊ဘေးဖယ်ပြီးလစ်လျူရှုနေကြပါသည်။


အချို့အသင်းတော်အများစုမှာ၊ဘုရားသခင်၏ပညတ်တော်ကို ‘စံ’ အဖြစ်မထား၊ အသင်းတော်၏စည်းမျဉ်းများသည်သာပညတ်တော်ထက်အရေးကြီးနေကြပါသည်။အချို့သော နေရာများတွင်၊ထာဝရဘုရား၏ပညတ်တော်သည်ယခုခေတ်နှင့်မကိုက်ညီ/ အသုံးမတည့်သော ကြောင့်ပညတ်တော်ကိုဖျက်သိမ်းလိုက်ကြပြီ။အချို့သောခရစ်ယာန်အများမှုကားပညတ်တော် ကိုစောင့်ရှောင့်ပြီးလိုက်နာစရာမလို၊အရေးကြုံလာလျှင်ဘုရားရှင်၏ပညတ်တော်ကိုချိုးဖေါက် ပြီးလုပ်မှာဘဲဟုအတိအလင်းပြောနေကြပြီ။အချို့မှာထိုပညတ်တော်ကြောင့်လွတ်လပ်မှုမရှိဟု ထင်နေကြသည်။ထာဝရဘုရား၏ပညတ်တော်ကိုလုံးဝမသိသောသူမြောက်မြားစွာရှိကြပါ၏။

ဤကဲ့သို့အဘယ်ကြောင့်ဖြစ်နေရသနည်း?။လူသားတိုင်းကိုဖန်ဆင်းပိုင်သအုပ်စိုး တော်မူသောအရှင်သခင်ကိုမေ့နေကြ၍ဖြစ်ပါသည်။သင့်ကိုဖန်ဆင်းထားသူတစ်ဦးတည်းသာ လျှင်၊သင်၏အကြောင်းနှင့်သင့်ကိုအကျိုးသက်ရောက်စေမည့်အရာကိုကျွမ်းဝင်စွာသိနိုင်သည် ဟုတ်ပါလား?။ယခုမှာကားထိုသို့မဟုတ်၊ဘုရားရှင်၏နေရာတွင်လွဲမှားမှုကအစားဝင်ရောက် နေကြပါသည်။

လူသားများရေးဆွဲသောတိုင်းနိုင်ငံနှင့်ဥပဒေ၊ကျောင်းနှင့်စည်းကမ်း၊လူနှင့်ကျင့်ဝတ် များလည်းဒွန်တွဲကာ၊မြောက်မြားစွာရှိကြသည်မဟုတ်ပါလား?။ဘုရားသခင်၏ပညတ်တော် သည်ကား၊ပြင်၍မရ၊အစားထိုး၍လည်းမရပါ။မပြောင်းမလဲ၊ထာဝရကာလတည်တော်မူ၏။

လွန်လေပြီးသောရှေးဣသရေလလူမျိုးတို့သည်မိမိတို့ကျွန်ခံနေရသောအဲဂုတ္တုပြည် မှနှုတ်ဆောင်ခဲ့၍၊ဘုရားရှင်၏အလိုတော်အတိုင်းလိုက်လျှောက်ပါမည်ဟုဆန္ဒပြုခဲ့ကြပါသည်။ သို့သော်လည်းလူသားတို့၏စိတ်နှလုံးအကြံအစည်ကိုပင်သိတော်မူသောဘုရားသခင်သည် မိမိ၏မိန့်မှာခဲ့သောပညတ်တော်(၁၀)ပါးကိုမပျောက်ပျက်/ မမေ့လျော့ရန်အတွက်သိနတောင် ပေါ်မှာကျောက်ပြားနှစ်ချပ်ပေါ်တွင်လက်ညှိုးတော်နှင့်ကျောက်ဆစ်အက္ခရာတင်၍ရေးသားခဲ့ သည်။ထိုပညတ်တော်(၁၀)ပါးကျောက်ပြားနှစ်ချပ်ကိုဣသရေလလူမျိုးတို့၏ခေါင်းဆောင် မောရှည်အားပေးအပ်ခဲ့သည်။ထိုအရာမှာကား၊–

**ဓမ္မဟောင်းကာလမှသည်ကာလစဉ်ဆက်ထာဝရအရှင်ဘုရားသခင်၏မိန့်တော်မူချက် ပညတ်တော် (၁၀) ပါး —**



(ထွက်မြောက်ရာကျမ်း၊၂၀း၃–၁၇)

(၁) ငါမှတပါးအခြားသောဘုရားကို မကိုးကွယ်နှင့်၊
(၂) အထက် မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့် ပုံသဏ္ဌာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်၊ ဦးမချဝတ်မပြုနှင့်။
(၃) သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍မမြွက်မဆိုနှင့်၊
(၄) ဥပုသ်နေ့ကို သန့်ရှင်းစေ ခြင်းငှါ၊ ထိုနေ့ရက်ကို အောက်မေ့လော့။

(သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌သင်၏အသက်တာရှည်မည် အကြောင်း)
(၅) သင်၏မိဘကို ရိုသေစွာပြုလော့၊
(၆) လူအသက်ကို မသတ်နှင့်၊
(၇) သူ့မယားကိုမပြစ်မှားနှင့်၊
(၈) သူ့ဥစ္စာကို မခိုးနှင့်၊
(၉) ကိုယ်နှင့်စပ်ဆိုင်သော သူတဘက်၌ မမှန်သောသက်သေကို မခံနှင့်၊
(၁၀) ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ် မရှိစေနှင့်၊ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန် ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ် မရှိစေနှင့်။

“ထာဝဘုရားကိုမြေကြီးတပြင်လုံးကြောက်ရွံ့စေ၊လောကီနိုင်ငံသားအပေါင်းတို့သည် ရိုသေလေးမြတ်ကြစေ”။(ဆာလံ၊၃၃း၈)

ကျွန်ုပ်တို့သည်‘မပြော၍မသိ၊မသိ၍မပြော’မဖြစ်ရလေအောင်၊ပညတ်တော်(၁၀)ပါးကိုထပ်ဆင့် ဖေါ်ပြလိုက်ပါသည်။ကျွန်ုပ်တို့သည်ပညတ်တော်ကိုလိုက်လျှောက်ခြင်းဖြင့်ဘုရားသခင်၏စိတ် တော်နှင့်တွေ့သောသူများဖြစ်ပါကြစေ။ ။

# သင်သည် ဘာကိုလုပ်ပြီး ဘယ်လမ်းကိုသွားမှာလဲ?

သခင်ယေရှုခရစ်တော်သည် (------) သင့်ကို မေးနေသော မေးခွန်းများ??????။

ငါသည် ဆာလောင်သောအခါ၊ သင်သည် ငါစားဖို့ရန် အစာ ကျွေးပါသလား။
ငါသည် ရေငတ်သောအခါ၊ သင်သည် ငါသောက်ဖို့ရန် ရေတစ်ခွက် ပေးပါသလား။
ငါသည် ဧည့်သည်ဖြစ်သောအခါ၊ သင်သည် ငါ့ကိုဧည့်သည်ဝတ်ပြုရန် သတိရပါသလား။
ငါသည် အဝတ်အချည်းစည်းရှိသောအခါ၊သင်သည် ငါ့ကို အဝတ်နှင့် ဖုံးလွှမ်းပါသလား။
ငါသည် အနာရောဂါစွဲသောအခါ၊ သင်သည် ငါ့ကို ဆေးကုသ ပေးပါသလား။
ငါသည် ထောင်ထဲမှာရှိသောအခါ၊သင်သည်ငါ့ကိုနှစ်သိမ့်ရန် ထောင်ထဲလာတွေ့ပါသလား။

အထက်ပါကွက်လပ်(------)နေရာတွင်စာဖတ်သူသည်မိမိ၏နာမည်ကိုထဲ့သွင်း၍ ဖတ်ရန်မေတ္တာရပ်ခံပါသည်။ သို့မှသာ၊ သင်သည် သခင်ခရစ်တော် မေးနေသည့်မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်ပါလိမ့်မည်။

အဖြေမှန်(✔) (မဿဲ၊၂၅း၃၄–၄၀)တွင် တွေ့ရှိနိုင်သည်။
သခင်ခရစ်တော်က၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်း ဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီ။

"ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သော နိုင်ငံကိုလာ၍ အမွေခံကြလော့။"

စာဖတ်သူအယောက်စီတိုင်း အဖြေမှန်ကို ရရှိနိုင်ပါစေ။
အဖြေမှန်၏ ဆုလတ်မှာ ထာဝရအသက်ရှင်ခြင်း **(Eternal Life)** ဖြစ်၏။

------------------------

အဖြေမှား(✘) (မဿဲ၊၂၅း၄၁–၄၅)တွင်တွေ့ရှိနိုင်ပါသည်။
သခင်ခရစ်တော်က၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတို့တွင် အငယ်ဆုံးသော သူတယောက်အား မပြုသမျှတို့ကို ငါ့အားမပြုကြပြီ။

"ကျိန်ခြင်းကိုခံရသောသူတို့၊ မာရ်နတ်နှင့်သူ၏တမန်တို့အဘို့ ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှ ခွါသွားကြလော့။"

စာဖတ်သူအယောက်စီတိုင်း အဖြေမှား မရရန် သတိရှိကြပါ။
အဖြေမှား၏ရလဒ်မှာ ထာဝရအပြစ်ဒဏ်ခံရခြင်း **(Eternal Punishment)** ဖြစ်၏။ ။

**–John Ma**

---

သခင်ခရစ်တော်က၊

ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော
ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား
ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီ။
မဿဲ၊၂၅း၃၄–၄၀။

